## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
## (၂၁)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၃း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၃း၀၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၃း၀၄။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီ ရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၀.၄၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၃း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၃း၀၆။**

**ဥက္ကဋ္ဌ။** ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ရေဘေးကယ်ဆယ်ရေး။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ရေဘေးကယ်ဆယ်ရေး။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ ရေဘေးကယ်ဆယ်ရေး။ ဦးခမ်ဆွင်းမုန်၊ ချင်း(၅)၊ ရေဘေးကယ်ဆယ်ရေး။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းနောင်၊ ရန်ကုန်(၅)၊ ရေဘေးကယ်ဆယ်ရေး။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ရေဘေးကယ်ဆယ်ရေး။ ဦးမြညိမ်း၊ ရန်ကုန်(၇)၊ ရေဘေးကယ်ဆယ်ရေး။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ရေဘေးကယ်ဆယ်ရေး။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ရေဘေးကယ်ဆယ်ရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ရေဘေးကယ်ဆယ်ရေး။ ဒေါက်တာဌေးနိုင်၊ ဧရာဝတီ(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးညီညီထွန်း၊ မွန်(၁၁)၊ မိသားစုကျန်းမာရေး။ ဗိုလ်မှူးမြင့်စိန်၊ တပ်မတော်၊ ရေဘေး ကယ်ဆယ်ရေး။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကျန်းမာရေး။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကျန်းမာရေး။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ မိသားစုကျန်းမာရေး။ ဦးစံပြည့်၊ ကချင်(၇)၊ ပြည်ပခရီးစဉ် တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၃း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၃း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်၊ နမ့်မွန်ချောင်း ရေအရင်းအမြစ်ကို ရယူအသုံးပြုနိုင်ရေး နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၃း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်း က ရှမ်းပြည်နယ်၊ နမ့်မွန်ချောင်း ရေအရင်းအမြစ်ကို ရယူအသုံးပြုနိုင်ရေးနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၀။**

**ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံမင်း ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ နမ့်မွန်ချောင်း ရေအရင်း အမြစ်ကို ရယူအသုံးပြုနိုင်ရေးနှင့် စပ်လျဉ်း၍ သိရှိလိုခြင်း မေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်မွန်ချောင်းဟာ လားရှိုးမြို့နယ်၊ မန်ပျဉ်ကျေးရွာ အုပ်စု၊ ချိန်ဖုန်းရွာအနီး ဖြတ်သန်းစီးဆင်းလျက်ရှိသော ချောင်းတစ်ချောင်း ဖြစ်ပါတယ်။ ၎င်းရွာဟာ လားရှိုး၊ တန့်ယန်း ကားလမ်းမကြီးမှ တစ်မိုင်ခွဲခန့်နှင့် လားရှိုးမြို့မှ (၂၀)မိုင်ခန့် တည်ရှိပါတယ်။ ဖော်ပြ နေရာတွင်ရှိတဲ့ ချောင်း၏အကျယ်မှာ (၃၀)ပေခန့်ရှိပြီး မိုးရာသီမှာ ရေအနက် (၄)ပေမှ (၅)ပေရှိ၍ ရေစီးဆင်းမှုနှုန်းနဲ့ ရေထုထည်ပမာဏ များပြားပြီး နွေရာသီမှာ ရေအနက်(၁)ပေမှ (၂)ပေခန့်အထိ စီးဆင်းပါတယ်။ တစ်နှစ်ပတ်လုံး ရေစီးဆင်းတဲ့ ချောင်း ဖြစ်ပါတယ်ခင်ဗျား။ ယင်းဒေသရဲ့ တစ်နှစ် ပျမ်းမျှမိုးရေချိန်မှာ လားရှိုးမြို့နဲ့ ချိန်ထိုးကြည့်ပါက (၆၀)လက်မခန့် ရွာသွန်းပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြပါ နမ့်မွန်ချောင်းဟာ လက်ဝဲ၊ လက်ယာဘက်ကမ်းမှာရှိ ကုန်းမြင့်များရေမျက်နှာပြင် အနိမ့်အမြင့်မှ အောက်မှာရှိနေပါတယ်။ ဒေသရှိ ကျေးရွာပေါင်း(၆)ရွာမှ တောင်သူလယ်သမားများဟာ နမ့်မွန်ချောင်း၏(၃)ပေခန့်ရှိ သဘာဝဖြစ်ပေါ်နေသော ရေကျ(Rapid Drop) ထက်တွင် သစ်လုံးများ၊ ဝါးများ၊ သဲအိတ်များနှင့် ချောင်းအား မိုးရာသီမှာ နမ့်မွန်ချောင်း ရေထုထည် စီးဆင်းနှုန်းများပြားမှုကြောင့် တောင်သူများက သစ်လုံးများ၊ ဝါးများ၊ သဲအိတ်များဖြင့် ယာယီပြုလုပ်ထားသော ပင်းတားဆည်ဟာ နိုင်နင်းမှုမရှိဘဲ နှစ်စဉ်မျောပါ ပျက်စီးဆုံးရှုံးလျက် ရှိပါတယ်။ မိုးရာသီရေကြီးချိန် မိုးနှောင်း ကနဦးပိုင်းအချိန်များတွင် တောင်သူများ ရေရယူရန် အခက်အခဲများ ကြုံတွေ့နေရပါတယ်။ နှစ်စဉ်လည်း အဆိုပါ ယာယီပင်းတားဆည်အတွက် စုပေါင်း စုဆောင်းရရှိငွေကြေးများလည်း ဆုံးရှုံးနေကြရပါတယ်။

၎င်းနှင့် ဆက်စပ်လျက်လည်း နမ့်မွန်ချောင်းရဲ့ လက်ဝဲဘက်ကမ်း ကုန်းမြင့်ပိုင်းမှ ကျေးရွာသူ/ ကျေးရွာသားများ၏ လယ်ယာမြေရေရရှိနိုင်ရေးအတွက် ရေယူမြောင်းတစ်ခုကို တစ်ဝက်တစ်ပျက် တူးဖော်ခဲ့ရာမှာလည်း လုပ်အား၊ ငွေကြေး ကုန်ကျမှုမတတ်နိုင်၍ ဆုံးခန်းတိုင် မရောက်ရှိဘဲ တွေ့မြင် နေရပါတယ်။ မဲဆန္ဒနယ် တောင်သူလယ်သမားများရဲ့ တင်ပြချက်အရ ကျွန်တော့်အနေနဲ့လည်း ကွင်းဆင်းလေ့လာပြီးတော့ မြင်တွေ့ခဲ့ရပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ လားရှိုးမြို့နယ်၊ မန်ပျဉ်ကျေးရွာအုပ်စု၊ ချိန်ဖုန်းရွာအနီးဖြတ်သန်းစီးဆင်းနေတဲ့ နမ့်မွန်ချောင်း ရေအရင်းအမြစ်များကို ရယူအသုံးပြုနိုင်ရေးနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင် ပြည်သူများ ကိုယ်စား သိရှိလိုသည့် မေးခွန်းများကို မေးမြန်းခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ် ပါတယ်။ (က) ချိန်ဖုန်းရွာ အနီး နမ့်မွန်ချောင်းပေါ်တွင် ရေလှောင်တမံတစ်ခု ရေပိုလွှဲ၊ ရေထုတ်ပြွန်နှင့် ရေထိန်းတံခါး တို့ကို တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါတယ်။ (ခ) အမှတ်စဉ်(၁)ပါ ဖော်ပြပါလုပ်ငန်းကို ဆောင်ရွက်ပေးရန် ဖြစ်မြောက်နိုင်စွမ်း မရှိပါက ရေလွှဲဆည်တစ်ခုနှင့် သဲထုတ်ရေတံခါး ဆည်ထိပ် ရေပေးအဆောက်အအုံ စသည်များ တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ သိလိုပါတယ်။ (ဂ) အမှတ်စဉ်(၁) သို့မဟုတ် အမှတ်စဉ်(၂)များတွင် ဖော်ပြပါ လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်း ရှိပါက အောက်ဘက် လယ်မြေဧရိယာ (၆၀၀)ဧကအတွက် ဆည်ရေပေးဝေ တူးမြောင်းကိုပါ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါတယ်။ (ဃ) တစ်နှစ်ပတ်လုံး ရေစီးဆင်းတဲ့ ချောင်းဖြစ်ခြင်း၊ ရေကျများရှိနေခြင်းတို့ကြောင့် သင့်လျော်သလို ရေအားအမြင့်တစ်ခုကို ရယူလျက် အသေးစား ရေအားလျှပ်စစ် ထုတ်ယူနိုင်ရန် ဖြစ်နိုင်စွမ်း ရှိ/မရှိ နှင့် ရှိပါက အမှတ်စဉ်(၁) နှင့် (၂)တို့တွင်ပါ လုပ်ငန်းများနှင့်အတူ တွဲဖက် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ လက်ခုပ်ပင်ကျေးရွာရှိ 100 KVA ထရန်စဖော်မာအား 315 KVA ထရန်စဖော်မာအဖြစ် တိုးမြှင့်တပ်ဆင်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်သူဦး က မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ လက်ခုပ်ပင်ကျေးရွာရှိ 100 KVA ထရန်စဖော်မာ အား 315 KVA ထရန်စဖော်မာအဖြစ် တိုးမြှင့်တပ်ဆင်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးကျော်သူဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သူဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းဘူး(စကု)မြို့နယ်၊ လက်ခုပ်ပင်ကျေးရွာ 100 KVA ထရန်စဖော်မာအား 315 KVA ထရန်စဖော်မာ အဖြစ် တိုးမြှင့်တပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုခြင်းအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ခုပ်ပင်ကျေးရွာတွင် ၁၉၉၁ ခုနှစ်က 100 KVA ထရန်စဖော်မာဖြင့် လျှပ်စစ်မီး စတင်သုံးစွဲခဲ့ပါတယ်။ အိမ်ခြေ(၄၀၀)ကျော် ရှိသော ကျေးရွာတွင် လျှပ်စစ်မီး သုံးစွဲစဉ်အခါက metre box(၁၇၅)လုံးသာ ရှိခဲ့ပါတယ်။ ထိုစဉ် အခါက တပ်ဆင်ထားတဲ့ 100 KVA ထရန်စဖော်မာသည် ၁၉၅၉ ခုနှစ်က အိန္ဒိယနိုင်ငံထုတ်

ထရန်စဖော်မာ ဖြစ်သည့်အတွက် သက်တမ်းလည်း ကုန်ဆုံးနေပြီ ဖြစ်ပါတယ်။ (၃)ကြိမ်တိုင် မီးလောင်ကျွမ်းခဲ့ဖူးပါတယ်။ ယနေ့အချိန်တွင် အိမ်သုံးဆပ်မီတာ(၂၃၀)၊ (၂)ကောင်အား မော်တာအလုံး(၃၀)ခန့်နှင့် ပါဝါမီတာ(၂)လုံးအထိ တပ်ဆင်အသုံးပြုနေပြီဖြစ်ပါတယ်။

လက်ခုပ်ပင်ကျေးရွာတွင် အိမ်ခြေ(၄၀၀)ကျော်ရှိသဖြင့် အိမ်သုံးမီတာ အလုံး(၂၀၀)ခန့် ထပ်မံသုံးစွဲမှာဖြစ်ပြီး ကျေးရွာတွင် ဆန်စက်(၇)လုံး၊ သံဂဟေလုပ်ငန်း(၁)ခု၊ ဘက်ထရီ အားသွင်းလုပ်ငန်း(၁)ခု တို့ရှိနေသဖြင့် ဓာတ်အားပိုမို လိုအပ်လာမည်ဖြစ်ပါတယ်။ လက်ခုပ်ပင်ကျေးရွာ လျှပ်စစ်မီးလင်းရေးသည် ကျေးရွာ၏မိဘပြည်သူများ ထည့်ဝင်ငွေဖြင့် စတင်တည်ဆောက်ခဲ့ပြီး ထရန်စဖော်မာ (၃)ကြိမ် မီးလောင်မှုစလုံးမှာ မိဘပြည်သူ ထည့်ဝင်ငွေဖြင့် ပြင်ဆင်ခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ လက်ရှိတပ်ဆင်ထားသော 100 KVA ထရန်စဖော်မာအစား 315 KVA ထရန်စဖော်မာကို တိုးမြှင့်တပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါသဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၁၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၃း၁၆။**

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေရန် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံမင်း ၏ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြား တင်ပြမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ မန်ပျဉ်ကျေးရွာအုပ်စု၊ ချိန်းဖုန်းရွာအနီး၊ နမ့်မွန်ချောင်းပေါ်မှာ တည်ဆောက်ထားသော လက်ရှိဆည်ဟာ ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ဆည်မဟုတ်ဘဲ ကိုယ်ထူကိုယ်ထ ပြုလုပ်ထားသည့် ဆည်(၁)ခုသာ ဖြစ်ပါတယ်။ အဆိုပါဆည်အား အခိုင်အမာ တည်ဆောက်နိုင်ရေးအတွက် အသေးစိတ် ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ အသေးစိတ် ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်ပြီး ဖြစ်မြောက်နိုင်စွမ်း ရှိပါက ခန့်မှန်းခြေစာရင်း ရေးဆွဲဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ မန်ပျဉ်ကျေးရွာအုပ်စု၊ ချိန်းဖုန်းရွာအနီး၊ နမ့်မွန်ချောင်းဟာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ စူးစမ်းလေ့လာတိုင်းတာပြီးဖြစ်တဲ့ ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်နိုင်တဲ့ ရေအားအရင်းအမြစ်စာရင်းမှာ ပါဝင်ခြင်း မရှိသေးတာကြောင့် ဝန်ကြီးဌာနအနေဖြင့် အသေးစားရေအားလျှပ်စစ် ထုတ်ယူရန် ဖြစ်နိုင်စွမ်း ရှိ/မရှိ ကို စူးစမ်းလေ့လာသွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မင်းဘူးမဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သူဦး ၏ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မင်းဘူး(စကု)မြို့နယ်၊ လက်ခုပ်ပင်ကျေးရွာရှိ 100 KVA ထရန်စဖော်မာကို 315 KVA ထရန်စဖော်မာအဖြစ် တိုးမြှင့်တပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်း၍ ၁၇-၇-၂၀၁၃ ခုနှစ်၊ နေ့စွဲပါစာဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးသူ မေးမြန်းထားသော စာအမှတ်၊ ၁/လစ(လွှတ်တော်)(၃၃၄၅)/၂၀၁၃ ဖြင့် ဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။

ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေး ဆောင်ရွက်ခဲ့ကြတဲ့ ကျေးရွာများဟာ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်းများကို အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာရှိတဲ့ ကျေးရွာများနည်းတူ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သို့သော်လည်း ယခုတင်ပြသည့် လက်ခုပ်ပင်ကျေးရွာဟာ ၁၉၈၉-၁၉၉၀ ခုနှစ်မှစပြီးတော့ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ကြခြင်း၊ ယခုအချိန်ထိ ထရန်စဖော်မာများ ပြုပြင်ခဲ့ရခြင်း၊ ဓာတ်အားလိုင်းပြုပြင်ခြင်းများကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ခြင်းဖြစ်တာကြောင့် 315 KVA ထရန်စဖော်မာ တိုးမြှင့်တပ်ဆင်ပေးခြင်းကို ဆောင်ရွက်ပေးမှာ ဖြစ်သော်လည်းပဲ ယခုနှစ် ရန်ပုံငွေထဲမှာ ပါဝင်ခြင်းမရှိတာကြောင့် လာမည့်ဘဏ္ဍာရေးနှစ်များမှာ ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဝန်ကြီးဌာနအသီးသီးအောက်ရှိ နိုင်ငံတော် စီးပွားရေးအဖွဲ့အစည်းများ (SEE's) တစ်နည်းအားဖြင့် အကြီးစားစက်ရုံများသို့ စွမ်းအင်ဝန်ကြီးဌာနမှ လောင်စာစွမ်းအင်အဖြစ် သဘာဝဓာတ်ငွေ့ရောင်းချလျက်ရှိရာ သဘာဝဓာတ်ငွေ့ လက်ရှိသတ်မှတ်နှုန်းထားအား မြှင့်တင်ရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က ဝန်ကြီးဌာန အသီးသီးအောက်ရှိ နိုင်ငံတော် စီးပွားရေးအဖွဲ့အစည်းများ တစ်နည်းအားဖြင့် အကြီးစားစက်ရုံများသို့ စွမ်းအင်ဝန်ကြီးဌာနမှ လောင်စာစွမ်းအင်အဖြစ် သဘာဝဓာတ်ငွေ့ ရောင်းချလျက်ရှိရာ သဘာဝဓာတ်ငွေ့ လက်ရှိ သတ်မှတ်နှုန်းထားအား မြှင့်တင်ရန် အစီအစဉ် ရှိ/မရှိ တို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၀။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို လေးစားစွာ ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းခွင့်ရတဲ့ ကြယ်ပွင့်ပြမေးခွန်း အမှတ်(၄) ကတော့ စွမ်းအင်ကဏ္ဍနဲ့ ပတ်သက်ပါတယ်။ စွမ်းအင်ဝန်ကြီးဌာနကနေပြီးတော့ ဝန်ကြီးဌာန အသီးသီးမှာရှိတဲ့ စီးပွားရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်း ဆိုတဲ့နေရာမှာ Service

ပေးတဲ့ဟာ မပါပါဘူး။ ကျွန်တော်တို့ အကြီးစားစက်ရုံကြီးများကို ဆိုလိုတာ ဖြစ်ပါတယ်။ အဲဒါကို လက်ရှိအားဖြင့် လောင်စာအဖြစ်နဲ့ စွမ်းအင်လောင်စာရတဲ့အနေနဲ့ သဘာဝဓာတ်ငွေ့များကို ရောင်းချ ပို့လွှတ်လျက်ရှိပါတယ်။ ကျွန်တော်တို့ အဓိကအားဖြင့် ဧရာဝတီတိုင်းထဲမှာဆိုရင်တော့ စွမ်းအင် ဝန်ကြီးဌာနက ကြီးကြပ်တဲ့ ဓာတ်မြေဩဇာစက်ရုံ ရှိသလို၊ ကျွန်တော်တို့ ဘိလပ်မြေစက်ရုံ ကြံခင်း၊ နောက် သာပေါင်းမှာရှိတဲ့ စက္ကူနဲ့ ပျော့ဖတ်စက်ရုံ စသည်ဖြင့် ဒါတွေကို ပို့လွှတ်နေခြင်း ဖြစ်ပါတယ်။

ဒါတွေနဲ့ပတ်သက်လို့ ကျွန်တော်တို့ မေးခွန်းလေး(၃)ခုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း လိုပါတယ်ခင်ဗျား။ (က)ကတော့ သဘာဝဓာတ်ငွေ့ရောင်းချပေးနေတဲ့ လက်ရှိ သတ်မှတ်နှုန်းထားကို ဈေးနှုန်းမြှင့်တင်မယ့် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။ ဒါလည်းပဲ ပြည်သူတွေအကြားမှာ ဒီသတင်းတွေ ဖြစ်လာတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ပြည်သူနဲ့ ဘာပတ်သက်သလဲလို့မေးရင်(ခ)မှာ ပါ ပါတယ်။ အဲဒီလို အစီအစဉ် ရှိတယ်လို့ဆိုရင် သဘာဝဓာတ်ငွေ့ ဈေးနှုန်းကြီးမြင့်မှုကို လိုက်၍ ထိုစက်ရုံကြီး များမှ ထုတ်လုပ်သည့် ထွက်ကုန်များ၊ ဆိုလိုတာကတော့ ဘိလပ်မြေတို့၊ ဓာတ်မြေဩဇာတို့၊ ပျော့ဖတ်တို့ စသည်ဖြင့် စက္ကူတို့ ဒါတွေရောင်းချမယ့်ဈေးနှုန်းမြင့်တက်လာနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ဟာ ဒုတိယမေးခွန်း ဖြစ်ပါတယ်။ တတိယကတော့ ဒီလောင်စာ စွမ်းအင်အဖြစ်ပေးနေတဲ့ ဓာတ်ငွေ့ဟာ (CNG)အဖြစ်နဲ့လည်း မော်တော်ကားများကို ပေးနေတာဖြစ်ပါတယ်။ ဒါကြောင့် (ဂ)မေးခွန်း ကတော့ အလားတူ ပြေးဆွဲနေသော မော်တော်ယာဉ်များသို့ ရောင်းချသည့် သဘာဝဓာတ်ငွေ့ (CNG)များ၏ ရောင်းချဈေးနှုန်းကိုလည်း မြှင့်တင်ရန် ရှိ/မရှိ ဆိုသော မေးခွန်း(၃)ခုကို အများ ပြည်သူအကျိုးငှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၄။**

**ဦးအောင်ထူး (ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်မြေ(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ မေးမြန်းတဲ့ စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ကြီးဌာန အသီးသီးအောက်ရှိ နိုင်ငံတော်စီးပွားရေး အဖွဲ့အစည်းများ၊ တစ်နည်းအားဖြင့် အကြီးစားစက်ရုံများသို့ လောင်စာစွမ်းအင်အဖြစ် သဘာဝ ဓာတ်ငွေ့ ရောင်းချပေးသည့် လက်ရှိသတ်မှတ်နှုန်းထားအား မြှင့်တင်မည့် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းပြီးတော့ မေးထားတဲ့ ကြယ်ပွင့်ပြမေးခွန်းအတွက်ကို စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးအောင်ထူး ကနေပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ မုတ္တမကမ်းလွန်ဒေသကနေပြီးတော့ ရတနာသဘာဝဓာတ်ငွေ့ တွေကို ရတနာ-ဒေါ်ငြိမ်း-ရန်ကုန် (၂၄)လက်မ ပိုက်လိုင်းလမ်းကြောင်းဖြင့်လည်း ပို့နေပါတယ်။

နောက်ပြီးတော့ တစ်ခါ ရတနာ-ကန်ဘောက်-မြိုင်ကလေး-ရန်ကုန် (၂၀)လက်မ ပိုက်လိုင်းလမ်းကြောင်းဖြင့်လည်း ဝန်ကြီးဌာနများရဲ့ ကြီးကြပ်မှုအောက်ရှိ နိုင်ငံပိုင်အဖွဲ့အစည်း စက်ရုံများသို့ ပို့လွှတ်ဖြန့်ဖြူးလျက်ရှိပါတယ်။

ရတနာစီမံကိန်းမှ ပြည်တွင်းသုံးစွဲရန်အတွက် ဝယ်ယူဖြန့်ဖြူးရောင်းချလျက်ရှိတဲ့ ကမ်းလွန်သဘာဝဓာတ်ငွေ့ဈေးနှုန်းတွေကို ရတနာ-ကန်ဘောက်-မြိုင်ကလေး၊ ခုနပြောတဲ့(၂၀)လက်မ ပိုက်လိုင်းမှ ရောင်းချတဲ့ သဘာဝဓာတ်ငွေ့ဈေးနှုန်းအတွက် ကျွန်တော်တို့ တွင်းထိပ်မှာထွက်တဲ့ သဘာဝဓာတ်ငွေ့ဈေးနှုန်းတန်ဖိုးရယ်၊ နောက်ပြီးတော့ ဒီ ကမ်းလွန်ပိုက်လိုင်း ဖြတ်သန်းခ၊ ဒီ ပိုက်လိုင်းကနေပြီးတော့ ဆွဲလာတဲ့ ဖြတ်သန်းခအတွက် ပါဝင်တဲ့ ဈေးနှုန်းနဲ့လည်းကောင်း၊ တစ်ခါ ဒုတိယ ရတနာ-ရန်ကုန် (၂၄)လက်မပိုက်လိုင်းမှ ရောင်းချတဲ့ သဘာဝဓာတ်ငွေ့အတွက်လည်း တွင်းထိပ်မှာထွက်တဲ့ သဘာဝဓာတ်ငွေ့တန်ဖိုးနဲ့အပြင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းကနေပြီး ဆက်သွယ်ထားတဲ့ (၂၄)လက်မပိုက်လိုင်းရဲ့ ကုန်ကျစရိတ်ကို ပိုက်လိုင်းဖြတ်သန်းခအဖြစ်လည်းကောင်း သတ်မှတ်ရောင်းချလျက် ရှိပါတယ်။

သို့သော်လည်း စွမ်းအင်ဝန်ကြီးဌာနမှ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကနေပြီးတော့ ဖြန့်ဖြူးရောင်းချလျက်ရှိတဲ့ ကမ်းလွန်သဘာဝဓာတ်ငွေ့ ဈေးနှုန်းများနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်သမ္မတရုံးကနေပြီး ကျွန်တော်တို့ကို အမိန့်ချမှတ်ထားတဲ့ဟာ ရှိပါတယ်။ ဒါကတော့ စွမ်းအင်ဝန်ကြီးဌာနမှ အစိုးရအဖွဲ့အစည်းများသို့ နိုင်ငံခြားငွေဖြင့် ရောင်းချလျက်ရှိသော ပြည်တွင်းသုံးကမ်းလွန်သဘာဝဓာတ်ငွေ့ ဈေးနှုန်းအား ၁-၆-၂၀၁၂ ရက်နေ့မှ ၃၁-၃-၂၀၁၃ ရက်နေ့အထိ (1)Million BTU လျှင် အမေရိကန်ဒေါ်လာ (၅)ဒေါ်လာနှုန်းဖြင့် ရောင်းချပေးရန်ဆိုတဲ့ ညွှန်ကြားချက်တစ်ခုနဲ့ နောက်ပြီးတော့ နောက် ညွှန်ကြားချက်တစ်ခုကတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် စွမ်းအင်ဝန်ကြီးဌာနမှ အစိုးရအဖွဲ့အစည်းများသို့ နိုင်ငံခြားငွေဖြင့် ရောင်းချလျက်ရှိသော ပြည်တွင်းသုံးကမ်းလွန်သဘာဝဓာတ်ငွေ့ဈေးနှုန်းကို ယခင်အတိုင်း အရှုံးခံ၍ ရောင်းချပေးရန် ဖြစ်ကြောင်း လမ်းညွှန်ချက်များအရ အခုကျွန်တော်တို့ (1)Million BTU လျှင် အမေရိကန်ဒေါ်လာ (၅)ဒေါ်လာနှုန်းနဲ့ ဆက်လက်ရောင်းချပေးလျက်ရှိပါတယ်။

ရတနာကမ်းလွန်စီမံကိန်းကနေပြီးတော့ ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့အား အစိုးရအဖွဲ့အစည်းများသို့ (1)Million BTU ကို ခုန ကျွန်တော် တင်ပြတဲ့ အမေရိကန်ဒေါ်လာ (၅)ဒေါ်လာနှုန်းဖြင့် ရောင်းချရတဲ့အတွက် ပထမ (၂၀)လက်မပိုက်လိုင်းဖြင့် ရောင်းချတဲ့အခါမှာ (1)Million BTU ကို ပျမ်းမျှအမေရိကန်ဒေါ်လာ (၄.၄)ဒေါ်လာခန့်နှင့် ကုန်းတွင်းပိုက်လိုင်းမှာရှိတဲ့ ပိုက်လိုင်းပို့ဆောင်ခ (Tariff) အတွက် အမေရိကန်ဒေါ်လာ (၃.၂၇)ပါ ထည့်သွင်းတောင်းခံခြင်း မရှိခြင်းအတွက် စုစုပေါင်း (1)Million BTU ကို (၂၀)လက်မပိုက်လိုင်းက ပို့တဲ့အတွက် (၇.၆၇) ဒေါ်လာနဲ့ လျှော့ပြီးတော့ ရောင်းပေးနေရပါတယ်။ နောက်တစ်ခါ (၂၄)လက်မ ပိုက်လိုင်းကနေရောင်းချတာလည်းပဲ (1)Million BTU ကို ပျမ်းမျှအမေရိကန်ဒေါ်လာ (၂.၇)ခန့်နှင့် ပိုက်လိုင်းအတွက် Tariff အမေရိကန်ဒေါ်လာ(၃.၄၈၁၂) ပါ ထည့်သွင်းတောင်းခံခြင်း မရှိတဲ့အတွက် (၂၄)လက်မပိုက်လိုင်းကနေပို့တဲ့ သဘာဝဓာတ်ငွေ့အတွက် (1)Million BTU ပို့တိုင်း၊ ပို့တိုင်း ကျွန်တော်တို့ (၆.၁၈၁၂) ဒေါ်လာ လျှော့ပြီးတော့ ရောင်းချပေးနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ၂၀၁၂၊ ဇွန်လကနေပြီးတော့ ၂၀၁၃၊ ဇွန်လအထိ လအလိုက် နိုင်ငံပိုင်စက်ရုံများကို ပြည်တွင်းသုံး ကမ်းလွန်သဘာဝဓာတ်ငွေ့ ရောင်းချရာမှာ ဒီ ရတနာ ဓာတ်ငွေ့ Operator ဖြစ်တဲ့ Total E & P Myanmar Co.Ltd ကို ပေးရတဲ့ ဈေးနှုန်းနဲ့ ရောင်းဈေး ကွာခြားမှုကြောင့် ဖြစ်ပေါ်လာတဲ့ အရှုံးတန်ဖိုးဟာ အမေရိကန်ဒေါ်လာ သန်းပေါင်း(၁၅၂.၅၆၈)သန်းနဲ့ ဒီပိုက်လိုင်းကနေ ဖြတ်သန်းခ အမေရိကန်ဒေါ်လာ သန်းပေါင်း(၁၇၆.၃၆၅) မရရှိတဲ့အတွက်ကြောင့် မို့လို့ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းပေါင်း (၃၂၈.၉၃၃)ကျွန်တော်တို့ အရှုံးခံပြီး ရောင်းချရခြင်း ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ ကမ်းလွန်ဈေးနှုန်းတွေကိုတော့ ယေဘုယျအားဖြင့် မြှင့်တင်ဖို့ လိုအပ်ကြောင်းကိုလည်း ကျွန်တော် တွေ့ရှိရပါတယ်။ ဒါပေမယ့်လည်း ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲ အကျိုးအပြစ်များကို ချင့်ချိန်ပြီးတော့ ကျွန်တော်တို့က ဒီဈေးနှုန်း တွေကို တိုးရောင်းချဖို့ကိုတော့ ကျွန်တော်တို့က ချင့်ချိန်ပြီး ဆောင်ရွက်သွားရမှာဖြစ်ကြောင်း ကျွန်တော် ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းတဲ့ မေးခွန်းတွေ ဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**အခြေခံပညာကဏ္ဍ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများနှင့် အဆင့်မြင့် အရာထမ်းရာထူးနေရာ များတွင် ရာထူးဆက်ခံ၊ အမွေခံကောင်းများ စနစ်တကျ လက်ဆင့်ကမ်း တာဝန်ပေးခန့်ထားနိုင်ရေး အတွက် အစီအမံများ ချမှတ်ထားခြင်း ရှိ/မရှိ၊ ရာထူးတိုးမြှင့်/ပြောင်းရွှေ့ခြင်းဆိုင်ရာကိစ္စရပ်များတွင် ခိုင်မာသည့်မူများ ချမှတ်ထားခြင်း ရှိ/မရှိ နှင့် ပွင့်လင်းမြင်သာစွာ ကြိုတင်ထုတ်ပြန် ကြေညာထားခြင်း ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၂၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က အခြေခံပညာကဏ္ဍ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများနှင့် အဆင့်မြင့်အရာထမ်း ရာထူး နေရာများတွင် ရာထူးဆက်ခံ အမွေခံကောင်းများ စနစ်တကျလက်ဆင့်ကမ်း တာဝန်ပေး ခန့်ထား နိုင်ရေးအတွက် အစီအမံများ ချမှတ်ထားခြင်း ရှိ/မရှိ၊ ရာထူးတိုးမြှင့်/ပြောင်းရွှေ့ခြင်းဆိုင်ရာ ကိစ္စရပ် များတွင် ခိုင်မာသည့်မူများ ချမှတ်ထားခြင်း ရှိ/မရှိ နှင့် ပွင့်လင်းမြင်သာစွာ ကြိုတင်ထုတ်ပြန်ကြေညာ ထားခြင်း ရှိ/မရှိ တို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်းများ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၇။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များနဲ့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်

အနေနဲ့ အခြေခံပညာကဏ္ဍ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများနဲ့ အဆင့်မြင့် အရာထမ်း ရာထူးနေရာများမှာ ရာထူးဆက်ခံ အမွေခံကောင်းများ စနစ်တကျ လက်ဆင့်ကမ်း တာဝန်ပေး ခန့်အပ်နိုင်ဖို့အတွက် အစီအမံများ ချမှတ်ထားခြင်း ရှိ/မရှိ၊ ရာထူးတိုးမြှင့်/ပြောင်းရွှေ့ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီးတော့ ခိုင်မာတဲ့မူများ ချမှတ်ထားခြင်း ရှိ/မရှိနဲ့ ပွင့်လင်းမြင်သာ ကြိုတင် ထုတ်ပြန်ကြေညာထားခြင်း ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့မေးခွန်းများကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကဲ့သို့ ကျွန်တော် ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းရခြင်းနဲ့ ပတ်သက်ပြီးတော့ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အချို့အချက်ကို ရှေးဦးစွာ တင်ပြလိုပါတယ်။ အခြေခံပညာကဏ္ဍကို တာဝန်ခံတာဝန်ယူခဲ့ကြတဲ့ ရှေးယခင်က ပုဂ္ဂိုလ်ကြီးတွေဟာ မိမိတို့ အငြိမ်းစားယူကြတဲ့အခါမှာ ရာထူးအစဉ်အဆက် ခါးဆက်မပြတ်ရေးအတွက် မိမိတို့ဌာနအတွင်းမှ ပညာရေးဘက်တော်သား ထူးချွန်ထက်မြက်ကြသူများတို့ကို လေ့ကျင့် ပျိုးထောင်ပေးသည့် အစီအမံများကို ချမှတ်ပေးပြီး ရာထူးဆက်ခံအမွေခံကောင်းများ ပေးခဲ့ကြတဲ့ အစဉ်အလာကောင်းများ ရှိခဲ့ကြပါတယ်။ အလားတူပါပဲ မိမိတို့ချမှတ်ထားတဲ့ မူများအရ ရာထူးတိုးမြှင့်ခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်း၊ ပြောင်းရွှေ့တာဝန် ထမ်းဆောင်စေခြင်းလုပ်ငန်းများကိုလည်းပဲ မတိမ်းမစောင်းရလေအောင် ဖော်ဆောင်ရင်းနဲ့ ပညာရေးဝန်ထမ်းလောကကိုလည်း တည်တည် ငြိမ်ငြိမ် ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ကြကြောင်းကို တွေ့ရှိရပါတယ်။ သို့ပေမယ့်လည်း ကာလ အတန်ကြာမှ ယနေ့ထက်တိုင် အကြောင်းအကျိုးအမျိုးမျိုးနဲ့ အခြေခံပညာနယ်ပယ်တွင်းသို့ ပြင်ပဌာနများမှ ပုဂ္ဂိုလ်များ၊ အထူးသဖြင့် အထက်ရာထူးများနှင့် ရာထူးအဆင့်ဆင့်တို့ကို ဝင်ရောက်တာဝန်ယူလာကြတဲ့ အချိန်အခါမှာ ရာထူးစဉ် ခါးဆက်ပြတ်ပြီးတော့ အခြေခံပညာ လက်ကွက်လည်း ပျက်ခဲ့ကြရပါကြောင်း ယခုကဲ့သို့ အခြေခံပညာရေး၊ အခြေခံပညာကဏ္ဍကို အလေးအနက် အကောင်အထည်ဖော် ဆောင်ရွက်ပြောင်းလဲနေချိန်မှာ အထူးသဖြင့် သင်ခန်းစာ ယူသည့် အချက်အလက်များ ဖြစ်ပါကြောင်း စသည်ဖြင့် အငြိမ်းစားပညာရေးဝန်ထမ်းများ အငြိမ်းစား ဆရာ/ဆရာမများနဲ့ လက်ရှိပညာရေး ထမ်းဆောင်နေကြတဲ့ ပညာရေးဝန်ထမ်းများ၊ ဆရာ/ဆရာမများ လက်ရှိပညာရေးကို စိတ်ပါဝင်စား အလေးထားကြတဲ့ မိဘပြည်သူများက ဝေဖန်အကြံပြုချက်များ အပေါ် အခြေခံပြီး ယခုကဲ့သို့ မေးမြန်းသွားရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ယခုကဲ့သို့ ဘက်စုံထောင့်စုံမှ ကြိုးပမ်း အကောင်အထည် ဖော်နေချိန်မှာ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာကဏ္ဍ ပြုပြင်ပြောင်းလဲရေး ပြည်သူတစ်ရပ်လုံးက အထူးစိတ်ဝင်တစားနဲ့ အလေးထားအာရုံစိုက်လျက်ရှိနေကြပြီး လျင်လျင်မြန်မြန် သိသိသာသာ ပြုပြင်ပြောင်းလဲမှုများကို စောင့်စားမျှော်လင့်လျက်ရှိပါကြောင်း အလေးအနက် တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာကဏ္ဍ ဤကဲ့သို့ ပြုပြင်ပြောင်းလဲရာမှာ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းအကြီးအမှူးနဲ့ အဆင့်မြင့် အရာထမ်း ရာထူးအစဉ်အဆက်များမှာ ရာထူးဆက်ခံ အမွေခံကောင်းများကို တာဝန်ပေးခန့်အပ်ကြရမယ့် အခန်းကဏ္ဍမှာ အလွန်အရေးပါလှပါကြောင်း

ပညာရေးကို စိတ်ပါဝင်စား အလေးထားကြသူများက အတိတ်က အခြေခံပညာသမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာရင်းနဲ့ မျက်မှောက်ကာလကို ဝေဖန်အကြံပြုနေကြပြီ ဖြစ်ပါတယ်။

လွတ်လပ်ရေး ရပြီးကာစက ပါလီမန်ဒီမိုကရေစီခေတ်မှာဖြင့် ပညာမင်းကြီး ဆရာကြီးဦးချို၊ ဆရာကြီးဦးကောင်း၊ ဆရာကြီးဦးဘဘွား၊ ဆရာကြီးဦးဘနဲ့ ဆရာကြီးဦးဘိုးသုန် တို့က အခြေခံပညာနယ်ပယ်ကို ကောင်းစွာထိန်းသိမ်း သယ်ဆောင်ခဲ့ကြကြောင်း မြင်တွေ့ရမှာဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီအစိုးရလက်ထက် ရောက်ပြန်တော့ ပညာမင်းကြီး ဆရာကြီးဦးဘိုးထို၊ ဆရာကြီးဦးဘမြင့်၊ ညွှန်ကြားရေးမှူးချုပ် ဆရာကြီးဦးသန်းဦးနဲ့ ဆရာကြီးဦးခင်မောင်ဖြူ တို့ဟာ ပညာရေး အခြေခံပညာကဏ္ဍကို ကောင်းစွာ ဆက်လက်ထိန်းသိမ်း သယ်ဆောင်ခဲ့ကြကြောင်း မြင်တွေ့ရမှာ ဖြစ်ပါတယ်။ တပ်မတော်အစိုးရ လက်ထက်ရောက်ပြန်တော့ ညွှန်ကြားရေးမှူးချုပ်အဖြစ် ဆရာကြီး ဒေါက်တာရဲအောင် နဲ့ ဆရာကြီး ဦးတင်ဖေ တို့က ဆက်လက်၍ အခြေခံပညာရဲ့ အမွေခံကောင်းများကို သယ်ဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။ ဖော်ပြခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတွေ အားလုံးတို့ဟာဖြင့် ပညာရေးဘက်တော်သား ဆရာနှလုံးသားရှိကြတဲ့ ပညာရေးသမားများဖြစ်ကြတဲ့အတွက် ခေတ်ကာလ အခြေအနေ ပညာရေးအပြောင်းအလဲတွေ အထွေထွေ ပေါ်ပေါက်ခဲ့ပေမယ့်လည်း အခြေခံပညာကို ကောင်းစွာထိန်းသိမ်း ဆောင်ရွက်နိုင်ကြကြောင်း တွေ့ကြရမှာ ဖြစ်ပါတယ်။ သက်သေအားဖြင့် ယခုကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး တည်ဆောက်နေချိန်မှာ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံမျက်နှာစာမှာ ဦးဆောင်ဦးရွက် ပြုနေကြတဲ့ ယနေ့ ခေါင်းဆောင်ကြီးတွေဟာ ထိုခေတ်ကာလက အခြေခံပညာကို သင်ယူခဲ့ကြသူများဖြစ်ကြောင်းကို ထင်ရှားစွာ တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အသက်အရွယ်နုနယ်လှတဲ့ မူကြို၊ မူလတန်းအရွယ် ကလေးဘဝက နေပြီးတော့ အလယ်တန်း၊ အထက်တန်း ကျောင်းသား/ကျောင်းသူဘဝသို့ ရသည့်တိုင် ရောက်သည့်တိုင်အောင် လူ့ဘဝအခြေခံကို စတင်ပျိုးထောင်ကာ ဘဝအုတ်မြစ်ချပေးနေကြတဲ့ ပညာရေး ဗိသုကာများဟာ အခြေခံပညာ ဆရာ/ဆရာမများပဲ ဖြစ်ပါတယ်။ အဲဒီ အခြေခံပညာ ဆရာ/ဆရာမများကို နည်းမှန်လမ်းပြ ကလေးသူငယ်များ၏ဘဝကို ကျနသွန်သင်ပြုပြင် လေ့ကျင့်ပေးနိုင်ဖို့အတွက် ဦးဆောင်ဦးရွက်ပြုကာ အခြေခံပညာကဏ္ဍကို တာဝန်ယူထားကြတဲ့ လူများကတော့ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်း အကြီးအကဲများနဲ့ အဆင့်မြင့်ရာထူးများ၊ ရာထူးအဆင့်ဆင့် တာဝန်ယူနေကြသူများ ဖြစ်ကြပါတယ်။ အဲဒီ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများနဲ့ အဆင့်မြင့်အရာထမ်း၊ ရာထူးအဆင့်ဆင့် တာဝန်ယူနေကြတဲ့ အကြီးအကဲများအနေနဲ့ တာဝန်ပေး ခန့်အပ်ရာမှာလည်း ပညာရေးနယ်ပယ်အတွင်းမှ ကလေးတို့ရဲ့ သဘောသဘာဝနဲ့ ပညာရေးဘက်တော်သား အခြေခံပညာအကြောင်း ကောင်းစွာ အတွေ့အကြုံနဲ့ အသိတရား ဆရာ့ နှလုံးသားပိုင်ရှင် ပညာရေးသမားများသာ ဖြစ်သင့်ပါကြောင်း သမိုင်းကြောင်းက ထောက်ပြနေပြီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာသမိုင်းကြောင်း အစဥ်အလာအရ အခြေခံပညာကဏ္ဍကို တာဝန်ယူဦးဆောင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်များအား ရာထူးဆက်ခံ အမွေခံကောင်းများ ရရှိရေးအတွက် ကြိုတင်လေ့ကျင့် ပျိုးထောင်ကာ မျိုးဆက်ခါးဆက်မပြတ်ရေးအတွက် အစီအမံများချမှတ်ကာ သင့်လျော်လိုက်ဖက်သော ရာထူးတာဝန်များကို လက်ဆင့်ကမ်း အမွေပေးနိုင်တဲ့ ဖြစ်ရပ်များကို တွေ့မြင်ခဲ့ရမှာ ဖြစ်ပါတယ်။ အဲဒီလိုပေးနိုင်ခဲ့တဲ့အတွက် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာကဏ္ဍမှာ

ဌာနတွင်းမှာသာမက မိဘပြည်သူများကပါ ကောင်းစွာကျေနပ် ဝမ်းမြောက်ပြီး အခြေခံပညာခရီးလမ်း အတွက် ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်ခဲ့သည့် သာဓကများကို မြင်တွေ့နိုင်ပါတယ်။ တကယ်တော့ အခြေခံပညာကဏ္ဍဟာ မည်သူမဆို ဝင်ရောက်တာဝန်ယူ ထမ်းဆောင်နိုင်တဲ့ နယ်ပယ် မဟုတ် ပါကြောင်း။ လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာနယ်ပယ်မှာ မည်သူမဆို ဝင်ရောက် ဦးဆောင်တာဝန်ယူနိုင်သည့် နယ်ပယ် မဟုတ်ပါကြောင်းနဲ့ ပညာရေးဘက်တော်သား ဆရာ့နှလုံးသား ရှိသည့် ပညာရေးသမားများသာ ဦးဆောင်တာဝန်ယူသင့်သည့် နယ်ပယ်ဖြစ်ပါကြောင်း အတိတ် သမိုင်းကြောင်းက ကောင်းစွာသင်ခန်းစာ ပေးခဲ့ပြီး ဖြစ်ပါတယ်။

သို့ပါ၍ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့ ပထမမေးခွန်းကတော့ အခြေခံပညာကဏ္ဍ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများနဲ့ အဆင့်မြင့်အရာထမ်းများ မျိုးဆက် ခါးမပြတ်ရေး အစီအမံများ ကြိုတင်ချမှတ်ထားခြင်း ရှိ/မရှိ နဲ့ အကယ်၍ ရှိတယ်ဆိုရင်လည်း လက်တွေ့ကျင့်သုံးခြင်း ရှိ/မရှိ ကို ပထမမေးခွန်းအဖြစ်နဲ့ မေးမြန်းမှာဖြစ်ပြီး၊ ဒုတိယမေးခွန်းအဖြစ်နဲ့ အခြေခံပညာနယ်ပယ်မှာ ရာထူးအဆင့်ဆင့် တိုးမြှင့်ခန့်ထားရေး၊ ပြောင်းရွှေ့ရေးတို့အတွက် ခိုင်မာ သည့် မူများ ချမှတ်ထားခြင်း ရှိ/မရှိနဲ့ ခိုင်မာတဲ့ မူများချမှတ်ထားရှိပြီး ဖြစ်တယ်ဆိုရင်လည်း လက်တွေ့လိုက်နာကျင့်သုံးခြင်း ရှိ/မရှိ ကို သိလိုပါတယ်။ တတိယမေးခွန်းကတော့ အဆိုပါ ရာထူး အဆင့်ဆင့် တိုးမြှင့်ခန့်ထားရေး၊ ပြောင်းရွှေ့ရေးမူများကို အခြေခံပညာနယ်ပယ်အတွင်းမှာရှိတဲ့ အဆင့်ဆင့်သော ပညာရေးဝန်ထမ်းများ၊ ဆရာ/ဆရာမများအား ပွင့်လင်းမြင်သာ ကြိုတင်သိရှိနိုင် ကြစေခြင်း အလို့ငှာ ပညာရေးဝန်ကြီးဌာနအနေဖြင့် ထုတ်ပြန်ကြေညာထားခြင်း ရှိ/မရှိ တို့ကို ဖြေကြားပေးနိုင်ပါရန် အခြေခံပညာနယ်ပယ်အတွင်းရှိ တာဝန်ထမ်းဆောင်နေဆဲ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာ/ဆရာမများနှင့် ပညာရေးကို စိတ်ပါဝင်စား အလေးထားကြတဲ့ မိဘပြည်သူများကိုယ်စား အများပြည်သူအကျိုးငှာ ပညာရေးဘက်တော်သားတစ်ဦးအနေဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါသည်ခင်ဗျား။ ကျေးဇူးများစွာတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၇။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသား

လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာအုပ်စု ချောင်းဆုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဆင့် တိုးမြှင့်ပေးရန်ကိစ္စပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာအုပ်စု ချောင်းဆုံကျေးရွာဟာ ရေနံချောင်းမြို့နဲ့ (၂၆)မိုင်ခန့်ကွာဝေးသော နေရာမှာ တည်ရှိပြီးတော့ ရေနံချောင်းမြို့နယ်နဲ့ နတ်မောက်မြို့နယ် နယ်စပ်မျဉ်းတစ်လျှောက်မှာ ရှိပါတယ်။ ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာအုပ်စု ချောင်းဆုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ရာဇဝင်ကို ပြန်ဆန်းစစ်ကြည့်ရင် ကျွန်တော်တို့ ၁၁-၇-၁၉၆၇ ရက်နေ့မှာ မူလတန်းကျောင်းအဆင့် စတင်ဖွင့်လှစ်ခဲ့ပါတယ်။

ထိုသို့ စတင်ဖွင့်လှစ်ရာကနေပြီးတော့ ၁-၆-၁၉၈၇ ရက်နေ့အထိ နှစ်ပေါင်း(၂၀)ကြာ မူလတန်းကျောင်းအဖြစ် ရပ်တည်ခဲ့ပါတယ်။ မူလတန်းပညာကို သင်ကြားခွင့် ရရှိခဲ့ပါတယ်။ ၁-၆-၁၉၈၇ ရက်နေ့မှာတော့ တွဲဖက်အလယ်တန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခွင့် ရရှိခဲ့ကာ နှစ်ပေါင်း(၂၃)နှစ်ကြာသည်အထိ ကျောင်းသား/ကျောင်းသူ မိဘများက ဆရာ/ဆရာမများကို ငှားရမ်းပြီးတော့ မိမိတို့၏ သားသမီးများ ပညာသင်ကြားခွင့်ရရှိရေး ကြိုးစားဆောင်ရွက်ခဲ့ကြပါတယ်။ ထိုသို့ ဆရာ/ဆရာမများ ငှားရမ်းသင်ကြားနေရာကနေပြီးတော့ ၁၆-၂-၂၀၁၀ ရက်နေ့မှာတော့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်လှစ်ခွင့် ရရှိခဲ့တဲ့အတွက် ဆရာ/ဆရာမများ ငှားရမ်းသင်ကြားနေခြင်းမှ သက်သာခွင့်ရရှိခဲ့ပါတယ်။ လက်ရှိ ကျောင်းသားဦးရေနဲ့ တင်ပြရမယ်ဆိုရင် မူလတန်းအဆင့် ကျောင်းသား/ကျောင်းသူ (၁၄၂)ယောက်ရှိပြီးတော့ အလယ်တန်းအဆင့် ကျောင်းသား/ ကျောင်းသူ (၁၅၈)ယောက် စုစုပေါင်း ကျောင်းသား/ကျောင်းသူ (၃၀၀)ယောက် ပညာသင်ကြားလျက် ရှိပါတယ်။ အတန်းအလိုက် ကျောင်းသား/ကျောင်းသူစာရင်းကိုလည်း တင်ပြထားပါတယ်။ ချောင်းဆုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှာ ကျောင်းအဆောက်အဦများနဲ့ ပတ်သက်လို့ တင်ပြရရင် နိုင်ငံတော်နဲ့ ပြည်သူပူးပေါင်းပြီးတော့ ၁၁-၇-၁၉၆၇ ရက်နေ့က ဆောက်လုပ်ထားသော အလျား(၆၄)ပေ၊ အနံ(၂၀)ပေရှိ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း ကျောင်းဆောင်(၁)ဆောင်၊ တစ်ခါ ၂၀၀၉ ခုနှစ်က ကိုယ့်အားကိုယ်ကိုးဖြင့် ဆောက်လုပ်ထားသော အလျား(၁၂၀)ပေ၊ အနံ(၃၀)ပေရှိ သွပ်မိုး၊ အုတ်ကာ၊ သံမံတလင်းခင်း ကျောင်းဆောင်(၁)ဆောင်၊ ၎င်းကျောင်းဆောင်ကိုတော့ ၇-၅-၂၀၀၉ ရက်နေ့မှာ ပညာရေးဝန်ကြီးဌာနကို လွှဲပြောင်းပေးအပ် လှူဒါန်းခဲ့ပြီး ဖြစ်ပါတယ်။ တစ်ခါ ၂၀၁၃ ခုနှစ်မှာ ကိုယ့်အားကိုယ်ကိုးဖြင့် ဆောက်လုပ်ခဲ့တဲ့ အလျား(၁၂၀) အနံ(၃၀)ပေရှိ သွပ်မိုး၊ အုတ်ကာ၊ သံမံတလင်းခင်း ကျောင်းဆောင်(၁)ဆောင်၊ ၎င်း ကျောင်းဆောင်ကိုတော့ ၉-၃-၂၀၁၃ ရက်နေ့မှာ ပညာရေးဝန်ကြီးဌာနကို လွှဲပြောင်းပေးအပ် လှူဒါန်းခဲ့ပြီး ဖြစ်ပါတယ်။ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့်မှ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ပေးနိုင်ဖို့အတွက်လည်း အဆင့်ဆင့်သော ထောက်ခံချက်များဖြင့် အထက်ဌာနအဆင့်ဆင့်ကို တင်ပြထားပြီးလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချောင်းဆုံ ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများအနေဖြင့် မိမိတို့၏ သားသမီးများကို အမှန်တကယ် ပညာသင်ကြားပေးလို၍ (၂၃)နှစ်ကြာ ဆရာ/ဆရာမများ ငှားရမ်းသင်ကြားစေခဲ့ခြင်း ကိုယ့်အားကိုယ်ကိုး ပေ(၁၂၀)၊ ပေ(၃၀) ကျောင်းဆောင်နှစ်ဆောင်ကို ဆောက်လုပ်ပြီး

ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့ခြင်းတို့ဟာ မိမိတို့ရဲ့ သားသမီးများအတွက် ပညာသင်ကြားခွင့် ရရှိရေး အားထုတ်ကြိုးပမ်းနေသည်မှာ အထင်အရှားပဲ ဖြစ်ပါတယ်။ အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရေးအတွက် ရေနံချောင်းမြို့နယ် ပညာရေးမှူးရုံးရဲ့ ၅-၈-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၁/ထောက်-၁၊ ၆၁၈(၂၀၁၂)ဖြင့် မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံးသို့ အစီရင်ခံပေးပို့ တင်ပြပြီးလည်း ဖြစ်ပါတယ်။ အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်မယ်ဆိုပါက မြို့နဲ့ အလှမ်းဝေးတဲ့ ချိုင်းကျေးရွာအုပ်စုမှ ကျောင်းသား/ကျောင်းသူများ၊ လေးတိုင်စင်ကျေးရွာအုပ်စုမှ ကျောင်းသား/ကျောင်းသူများ၊ ချောင်းဆုံ ကျေးရွာအုပ်စုနှင့် နီးစပ်စွာ တည်ရှိသော နတ်မောက်မြို့နယ်ရှိ ဝက်ချုပ်ကျေးရွာအုပ်စုနှင့် ဝန်ကိုက်ကျေးရွာ ချောင်းနတ်ကျေးရွာတို့မှ ကျောင်းသား/ကျောင်းသူများ၊ ဆက်လက် ပညာသင်ကြားခွင့် ရရှိမှာ ဖြစ်ပါတယ်။

ချောင်းဆုံကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ဟာ ၁၉၆၇ ခုနှစ်ကတည်းက စတင် အခြေတည်ဖွင့်လှစ်ခဲ့ခြင်း၊ ဒေသခံပြည်သူလူထုမှလည်း မိမိတို့ သားသမီးများအတွက် ပညာရေးကို အားပေးခြင်း၊ ထိုသို့ ပညာရေးကို လိုလားအားပေးခြင်းများကြောင့် နိုင်ငံတော်အတွက် ဤကျောင်းမှပဲ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ တပ်မတော်အရာရှိတွေ၊ ဝန်ကြီးဌာနအသီးသီးမှာ အရာထမ်း၊ အမှုထမ်းတွေကို မွေးထုတ်ပေးနိုင်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပေ(၁၂၀) ပေ(၃၀) ရှိ ကျောင်းဆောင်သစ်ကြီး နှစ်ဆောင်ကိုလည်း ကိုယ့်အားကိုယ်ကိုးအလှူရှင်များမှ စုပေါင်းဆောက်လုပ်၍ ပညာရေးဝန်ကြီးဌာနကို လွှဲပြောင်းပေးအပ်ပြီး ဖြစ်တဲ့အတွက် အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)အဆင့်မှ အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးပါရန် တင်ပြတောင်းခံအပ်ပါတယ်။

သို့ပါ၍ တင်ပြပါ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာအုပ်စု၊ ချောင်းဆုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်း အဆင့်သို့ တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ၊ အဆင့်တိုးမြှင့်ပေးမည် ဆိုပါက မည်သည့်အချိန်တွင် အဆင့်တိုးမြှင့်ပေးနိုင်မည်ကို ကျေးလက်ဒေသခံပြည်သူများမှ သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်၊ ခဲမဖြူကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၄၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမောင် က ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်၊ ခဲမဖြူကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၃။**

**ဦးလှမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးလှမောင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်၊ ခဲမဖြူကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းကို လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။

ကျွန်တော်မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သတ်ပြီး အနည်းငယ် ရှင်းလင်းတင်ပြ လိုပါတယ်။ ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်၊ ခဲမဖြူကျေးရွာသည် ဖားဆောင်းမြို့နှင့် (၃)မိုင်ကွာဝေး ပါတယ်။ ငြိမ်းချမ်းရေး (တ.မ.စ.ည) အဖွဲ့ နေထိုင်သည့်ရွာ ဖြစ်ပါတယ်။ အိမ်ခြေ(၂၄၀)အိမ်၊ လူဦးရေ(၁၃၂၀)ဦး ရှိပါတယ်။ ပတ်ဝန်းကျင်ကျေးရွာများမှာ ကျောက်ပဲညိုကျေးရွာ၊ တနန်းလော့ ကျေးရွာ၊ ပဟီထာကျေးရွာများ ရှိပါတယ်။ ပြည်သူများကလည်း ကလေးများ၏ ပညာရေးကို စိတ်ဝင်စားကြပြီး ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်မှုလိုလားကြောင်း ပြည်သူတွေနဲ့တွေ့ဆုံပြီး လွှတ်တော် အတွေ့အကြုံ ရှင်းလင်းစဉ်က တင်ပြကြပါတယ်။

ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်၊ ခဲမဖြူကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းကို ၁၉၆၄ ခုနှစ်တွင် အခြေခံပညာ မူလတန်းအဖြစ်လည်းကောင်း၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဖြစ်လည်းကောင်း၊ ၂၀၁၁ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် အခြေခံပညာအလယ်တန်းအဖြစ် လည်းကောင်း အဆင့်ဆင့် တိုးမြှင့် ဖွင့်လှစ်ခဲ့ပါတယ်။

ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်၊ခဲမဖြူကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း သည် ၂၀၁၃-၂၀၁၄ ခုနှစ်၊ ပညာသင်နှစ်တွင် ကျောင်းသား/ကျောင်းသူ အတန်းလိုက်ဦးရေမှာ သူငယ်တန်း(၇၂)ဦး၊ ပထမတန်း(၆၀)ဦး၊ ဒုတိယတန်း(၉၄)ဦး၊ တတိယတန်း(၅၈)ဦး၊ စတုတ္ထတန်း (၆၈)ဦး၊ ပဉ္စမတန်း(၆၅)ဦး၊ ဆဋ္ဌမတန်း(၇၄)ဦး၊ သတ္တမတန်း(၄၇)ဦး၊ အဋ္ဌမတန်း(၄၅)ဦး စုစုပေါင်း (၅၈၂) ဦး ရှိပါတယ်။ ယခုနှစ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ အခြေခံပညာအထက်တန်းဆင့် နဝမတန်း၌ အထက်တန်းကျောင်းသို့ တက်ရောက် ပညာသင်ကြားနေသူမှာ (၃၅)ဦး ရှိပါတယ်။ အဋ္ဌမတန်း အောင်မြင်ပြီးသော ကျောင်းသား/ကျောင်းသူများဟာ အခြေခံပညာအထက်တန်းဆင့် ပညာကို(၃)မိုင် ခရီးကွာဝေးသော ဖားဆောင်းမြို့သို့ အခြေခံပညာ အထက်တန်းကျောင်းသို့ အသွားအပြန် ခြေလျင်ခရီးဖြင့် ပင်ပန်းကြီးစွာ ကျောင်းတက်ရပါတယ်။

သို့ဖြစ်ပါ၍ ယင်းကျောင်းသား/ကျောင်းသူများ အဆင်ပြေ ချောမောစွာ ပညာသင်ကြား နိုင်ရန်အတွက် ခဲမဖြူကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးပါရန် တင်ပြအပ်ပါတယ်။ ဒါကြောင့် ဖားဆောင်းမြို့နယ်၊ ခဲမဖြူကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အဖြစ် သတ်မှတ်တိုးမြှင့်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်ကာလတွင် တိုးမြှင့်ပေးနိုင်

မည်ကို သိရှိလိုပါကြောင်း ပြည်သူများ၏ ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်း တင်ပြအပ်ပါတယ် ခင်ဗျား။ အာလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၄၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၃း၄၆။**

**ဒေါက်တာစန်းလွင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော် ကတော့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင် ဖြစ်ပြီးတော့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီးများရဲ့ မေးခွန်းများကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ဖြေကြားရမယ့် မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီးအမှတ်(၁၀) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု ရဲ့ ကြယ်ပွင့်ပြ မေးခွန်းပဲ ဖြစ်ပါတယ်။ အခြေခံပညာကဏ္ဍမှာ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများနဲ့ အဆင့်မြင့်အရာထမ်းတွေဟာ ရာထူးအဆင့်အလိုက် ပေးအပ်ခြင်းခံထားရတဲ့ တာဝန်နဲ့ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင် လျက်ရှိပါတယ်။ ဒီလို ထမ်းဆောင်တဲ့နေရာမှာလည်း အဆင့်ဆင့်ကြပ်မတ်မှုနဲ့ ဆောင်ရွက်နေရ ခြင်းပဲ ဖြစ်ပါတယ်။ အထက်ပါအဆင့်မြင့်အရာထမ်းများ ရာထူးတိုးသွားခြင်း၊ ပြောင်းရွှေ့ခြင်း၊ အငြိမ်းစားယူခြင်းများ ပြုလုပ်သွားတဲ့အခါမှာ မျိုးဆက်၊ ခါးဆက် မပြတ်စေရေးအတွက် ရာထူး အဆင့်အလိုက် အတူလက်တွဲ တာဝန်ထမ်းဆောင်စေတဲ့ စနစ်ကိုစီစဉ်ထားရှိပြီးတော့ လက်တွေ့မှာ လည်းပဲ အဲဒီစနစ်ကို လိုက်နာကျင့်သုံးလျက်ရှိကြောင်း ပထမဦးစွာ တင်ပြအပ်ပါတယ်။

ဒုတိယအနေနဲ့ အခြေခံပညာနယ်ပယ်မှာ ရာထူးအဆင့်အလိုက် ရာထူးတိုးမြှင့် ခန့်ထားခြင်း၊ ပြောင်းရွှေ့နေရာချထားခြင်းတို့ကို ဆောင်ရွက်တဲ့အခါမှာလည်းပဲ မူဝါဒများချမှတ် ထားရှိပြီးတော့ ထိုမူဝါဒများကိုလည်း လက်တွေ့လိုက်နာကျင့်သုံးလျက်ရှိကြောင်း တစ်ဆက်တည်း တင်ပြအပ်ပါတယ်။ ရာထူးတိုးမြှင့်ရေးဆိုင်ရာ သတ်မှတ်ချက်မူ၊ အပြောင်းအရွှေ့ဆိုင်ရာ သတ်မှတ်ချက် မူတွေကို ပညာရေးဝန်ကြီးဌာနကနေပြီးတော့ အခြေခံပညာဦးစီးဌာနများ၊ အခြေခံပညာဦးစီးဌာန များကနေတစ်ဆင့် တိုင်းဒေသကြီး/ပြည်နယ်ညွှန်ကြားရေးမှူးရုံးများ၊ ခရိုင်နဲ့ မြို့နယ်ပညာ ရေးမှူးရုံးများသို့ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ဒ့ါအပြင်လည်း နှစ်စဉ် ပညာရေးဝန်ထမ်းများ အတွက် ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းတို့အတွက် လျှောက်လွှာခေါ်ယူတဲ့အခါမှာလည်းပဲ အဲဒီလျှောက်လွှာမှာ သတ်မှတ်ညွှန်ကြားချက်များကို ပူးတွဲ ဖော်ပြထားရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ပညာရေးဝန်ထမ်းများအနေနဲ့ ရာထူးတိုးမြှင့်ရေးမူ၊ ပြောင်းရွှေ့ရေးမူတို့ကို ကြိုတင်သိရှိထား နိုင်ပါကြောင်း ရှင်းလင်းတင်ပြဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ ဆက်လက်ဖြေကြားရမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ရဲ့ ကြယ်ပွင့်ပြ မေးခွန်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှာ ကျောင်းတွေကို နှစ်စဉ်နှစ်တိုင်း အဆင့်တိုးမြှင့်ပေးလျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနတွေနဲ့ ကျောင်းတွေကို ဒီလို အဆင့်မြှင့်ပေးနိုင်ရေးအတွက် ပထမဦးဆုံး ကျောင်းသားဦးရေ၊ နယ်မြေဒေသအခြေအနေတွေကို အသေးစိတ် စိစစ်ပြီးတော့ ဦးစားပေးတိုးမြှင့်ပေးမယ့် အစီအစဉ်ကို ရေးဆွဲရပါတယ်။ အသေးစိတ် စိစစ်ခြင်းနဲ့ ဦးစားပေး အစီအစဉ် သတ်မှတ်ခြင်းတို့ကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ ပြည်နယ်နဲ့ သက်ဆိုင်ရာဦးစီးဌာနများက ဆောင်ရွက်ပါတယ်။

ပညာရေးဝန်ကြီးဌာနကတော့ စိစစ်ပြီးပေါ်ထွက်လာတဲ့ ဦးစားပေး အစီအစဉ်ကို အခြေခံပြီး ကျောင်းများကို အဆင့်မြှင့်တင်ပေးလျက်ရှိပါတယ်။ ကျောင်းများကို အဆင့်မြှင့်တင်ပေးတဲ့ အခါမှာလည်းပဲ ပညာရေးဝန်ကြီးဌာန အနေနဲ့ တစ်နှစ်လျှင် တစ်ကြိမ်သာ ဆောင်ရွက်နိုင်ပါတယ်။ တစ်နှစ်ကို တစ်ကြိမ်ထက်ပိုပြီး ဆောင်ရွက်လို့ရှိရင် ကျောင်းအဆင့် တိုးမြှင့်ခြင်းနှင့်အတူ ပေါ်ထွက်လာတဲ့ လစ်လပ်နေရာများအတွက် ဆရာ၊ ဆရာမများ ပြောင်းရွှေ့ပေးရခြင်း၊ ရာထူးတိုးပေးရခြင်းတို့ကို ဆောင်ရွက်ရပါတယ်။ အဲဒီအတွက် သင်ကြားရေးအစီအစဉ် ထိခိုက်နိုင်တဲ့ အနေအထားမှာ ရှိပါတယ်။

ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းအဆင့်တိုးမြှင့်ခြင်းကို ပညာသင်နှစ်တစ်နှစ်မှာ တစ်ကြိမ်သာလျှင် ဆောင်ရွက်နိုင်ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ မကွေးတိုင်းဒေသကြီးအတွင်း၊ အခြေခံပညာကျောင်းပေါင်း (၂၈၉) ကျောင်းကို အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ အဲဒီအဆင့်တိုးမြှင့်ပေးခြင်းခံခဲ့ရတဲ့ ကျောင်း (၂၈၉) ကျောင်းအနက် ရေနံချောင်းမြို့နယ်အတွင်းက အခြေခံပညာကျောင်းပေါင်း (၁၃)ကျောင်း ပါရှိပါတယ်။ ဒါကြောင့်မို့လို့ ယခုပညာသင်နှစ်အတွင်းမှာတော့ ရေနံချောင်းမြို့နယ်၊ ချောင်းဆုံ ကျေးရွာအုပ်စု၊ ချောင်းဆုံကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

ဒါပေမယ်လို့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ နှစ်စဉ် နှစ်တိုင်း ကျောင်းအဆင့်တိုးမြှင့်ခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအခြေအနေကတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကျောင်းအဆင့်တိုးမြှင့်တဲ့လုပ်ငန်းကို ၂၀၁၄၊ ဖေဖော်ဝါရီလမှာ ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက် ထားပါကြောင်း ရှင်းလင်းတင်ပြ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယဖြေကြားရမယ့် မေးခွန်းကတော့ ကယားပြည်နယ်အမှတ်(၁၁) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှမောင် ရဲ့ ကြယ်ပွင့်ပြ မေးခွန်းပဲ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှမောင် မေးမြန်းထားတဲ့ မေးခွန်းကတော့ ဖားဆောင်းမြို့နယ်၊ ခဲမဖြူကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်းကို အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်

ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမောင် ရဲ့ မေးခွန်းကလည်း ကျောင်းအဆင့်တိုးမြှင့်ပေးဖို့ရာ ဖြစ်ပါတယ်။ ကျောင်းအဆင့်တိုးမြှင့်ပေးဖို့ရာ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်ကတော့ ဒုတိယမေးခွန်းကို ဖြေကြားစဉ်က ဖော်ပြခဲ့တဲ့ လုပ်ငန်းစဉ်နဲ့ အတူတူပဲ ဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးဝန်ကြီးဌာနက ကယားပြည်နယ်အတွက် ဆောင်ရွက်ပေးထားနိုင်မှုကို တင်ပြလိုပါတယ်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ ကယားပြည်နယ်အတွင်း အခြေခံပညာကျောင်းပေါင်း (၃၇)ကျောင်းကို အဆင့်အသီးသီး တိုးမြှင့်ပေးခဲ့ပါတယ်။ အဲဒီအဆိုပါ ကျောင်းပေါင်း (၃၇)ကျောင်းထဲမှာ ဖားဆောင်းမြို့နယ်အတွင်းက အခြေခံပညာကျောင်း (၃)ကျောင်း ပါဝင်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ယခု ပညာသင်နှစ်အတွင်းမှာတော့ ဖားဆောင်းမြို့နယ်၊ ခဲမဖြူကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အဆင့်တိုးမြှင့်ပေးမည့် အစီအစဉ် မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ ဒုတိယမေးခွန်းမှာ ဖြေကြားစဉ်က ပါခဲ့ပြီးသားကိုပဲ ထပ်ပြီးတော့ တစ်ဆက်တည်းရှင်းလင်းတင်ပြလိုပါတယ်။ အဲဒါကတော့ ပညာရေးဝန်ကြီးဌာနရဲ့ ကျောင်းအဆင့်မြှင့်တင်ရေးအစီအစဉ် ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကျောင်းအဆင့်တိုးမြှင့်တဲ့ လုပ်ငန်းကို ၂၀၁၄၊ ဖေဖော်ဝါရီလ မှာ ဆောင်ရွက်ရန် စီစဉ်ထားပါကြောင်း လေးစားစွာရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကန်ပက်လက်မြို့နယ်အတွင်း ဖုန်းဆက်သွယ်ရေးလိုင်းများ ကောင်းမွန်စေရေးအတွက် လိုအပ်သောနေရာများတွင် တစ်ဆင့်ခံ ဖုန်းတာဝါတိုင်များ စိုက်ထူပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၃း၅၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမနားနိုင်း က ကန်ပက်လက်မြို့နယ်အတွင်း ဖုန်းဆက်သွယ်ရေးလိုင်းများ ကောင်းမွန်စေရေးအတွက် လိုအပ်သောနေရာများတွင် တစ်ဆင့်ခံ ဖုန်းတာဝါတိုင်များ စိုက်ထူပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၅၆။**

**ဦးမနားနိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ဧည့်သည်တော်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမနားနိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆက်သွယ်ရေး ဖုန်းတာဝါတိုင်များ တိုးချဲ့ထူထောင်ပေးရန် အစီအစဉ် ရှိ/မရှိကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကန်ပက်လက်မြို့ပေါ်နှင့် နယ်မှာ CDMA နှင့် WCDMA ဖုန်းများကိုသာ အသုံးပြု ဆက်သွယ်ရပါတယ်။ ဒီလို ဆက်သွယ်ရာမှာ ပုံမှန်အချိန်မရွေး ဆက်သွယ်၍ မရပါ။ လွယ်ကူစွာ ဖုန်းလိုင်း မမိနိုင်ခြင်း၊ မကြည်လင်ခြင်း စတဲ့ အခက်အခဲများ

တွေ့ကြုံနေရပါတယ်။ အထူးသဖြင့် မုန်းချောင်းအနောက်ဘက်ခြမ်းများတွင် ဖုန်းဖြင့် ဆက်သွယ်ရန်အတွက် အခက်အခဲများစွာရှိပါတယ်။ ယခုအခါ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းလာပေးမည်ဆိုရင်လည်း ဆက်သွယ်ရန် ခက်ခဲနေဦးမှာဖြစ်ပါတယ်။ ဒါကြောင့် မြို့နယ်အတွင်း ဒေသတိုင်းမှာ ဆက်သွယ်ရေးလိုင်းများ ကောင်းမွန်စေရန်အတွက် လိုအပ်သောနေရာများမှာ တစ်ဆင့်ခံဖုန်းတာဝါတိုင်များ ဆောလျင်စွာ တိုးချဲ့ထူထောင်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရတွင် အစီအစဉ်ရှိ/ မရှိ ဒေသခံများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၅၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၃း၅၈။**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါ စေကြောင်းဦးစွာပထမ ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးမနားနိုင်း ရဲ့ ကန်ပက်လက်မြို့နယ်အတွင်းမှာရှိတဲ့ ဖုန်းဆက်သွယ်ရေးလိုင်းတွေ ကောင်းမွန်စေဖို့အတွက် မေးမြန်းလာတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ကျွန်တော့်အနေနဲ့ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကနေပြီးတော့ ပြည်နယ်နဲ့ တိုင်းဒေသကြီးအားလုံးမှာ တယ်လီဖုန်းသိပ်သည်းဆ တိုးတက်မြင့်မားဖို့အတွက် ပြည်သူတို့ရဲ့ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးဆိုင်ရာလုပ်ငန်းတွေကို အဆင်ပြေချောမွေ့စွာ ဆက်သွယ်ဆောင်ရွက်နိုင်ဖို့အတွက် သတင်းအချက်အလက်များကို အချိန်နဲ့တစ်ပြေးညီ မြန်မြန်ဆန်ဆန်သိရှိနိုင်စေဖို့အတွက် ပြည်နယ်များနဲ့ တိုင်းဒေသကြီး အားလုံးမှာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတွေကို ကျွန်တော်တို့အနေနဲ့ နှစ်စဉ် စီမံကိန်းတွေ ချမှတ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ ကန်ပလက်မြို့နယ်အတွင်းရဲ့ ပြည်သူတွေရဲ့ဆက်သွယ်မှုလွယ်ကူစေဖို့အတွက်ဆိုပြီးတော့ ကျွန်တော်တို့ CDMA-450 ရေဒီယိုစခန်းတစ်ခုကို ၂၀၁၂ ခုနှစ် မတ်လ ၂၉ ရက်နေ့မှာ တည်ဆောက်တပ်ဆင်ပေးခဲ့ပါတယ်။ ဒါပေမဲ့ ဒီရေဒီယိုစခန်းဟာ ကျွန်တော်တို့ MPT Satellite Terminal IP Star အဝေးဆက်ကြောင်းနဲ့ ချိတ်ဆက်ပြီးတော့ တပ်ဆင်ပေးရတဲ့အတွက် ကျွန်တော်တို့ Traffic ပမာဏများပြားတဲ့အခါမှာ ကျွန်တော်တို့က ခေါ်ဆိုရခက်ခဲတာတို့၊ ကျွန်တော်တို့ အသံမပီသတာတို့ဖြစ်ပေါ်လေ့ ရှိပါတယ်။ ကျွန်တော်တို့ စစ်ဆေးတွေ့ရှိပြီး ဖြစ်ပါတယ်။ ဆက်လက်လည်း

ပြုပြင်ဆောင်ရွက်ပေးဖို့ လုပ်ကိုင်နေပါတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့ ကန်ပက်လက်မြို့နယ်အတွင်းမှာ မိုဘိုင်းဆက်သွယ်မှုစနစ် BTS စခန်းတွေ ထပ်မံ တပ်ဆင်ပေးဖို့အတွက်ကတော့ လက်ရှိဆက်သွယ်ထားတဲ့ Transmission စနစ်အရ တပ်ဆင်ပေးနိုင်ခြင်း မရှိသေးပါဘူး။ ဒီစခန်းတွေကို ကျွန်တော်တို့ မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းသစ် ဒါမှမဟုတ် Fiber Link ဆက်သွယ်မှု ရရှိချိန်မှသာ ကျွန်တော်တို့ BTS စခန်းအသစ်တွေ ထပ်မံတည်ဆောက်ဖို့အတွက် ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

သို့သော်လည်း ကျွန်တော်တို့ လောလောဆယ်မှာ ပြည်သူတွေ ပိုမိုကောင်းမွန်စွာ ဆက်သွယ် ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကနေပြီးတော့ လိုင်းအင်အား (၁၀၄)လိုင်းပါတဲ့ TWD-06 အမျိုးအစား အော်တိုအိတ်ချိန်းလိုင်းတစ်ခုကို ကျွန်တော်တို့ MPT Satellite Terminal C.O (၄)လိုင်းနဲ့ ချိတ်ဆက်ပြီးတော့ ကန်ပက်လက်မြို့မှာ ဖွင့်လှစ်တပ်ဆင်ပေးသွားဖို့ဆိုပြီးတော့ စက်ပစ္စည်းတွေ၊ အဝေးလိုင်းချိတ်ဆက်မှုတွေကို ဆောင်ရွက်ပေးထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မကြာမီကာလထဲမှာပဲ အော်တိုတယ်လီဖုန်းကနေတစ်ဆင့် ပြည်တွင်း၊ ပြည်ပနေရာတွေကို အဆင်ပြေချောမွေ့စွာနဲ့ ဆက်သွယ်သွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၄း၀၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင် ဆွေးနွေးနိုင်ရန် ပေးပို့လာသော မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၅-၆-၂၀၁၃ ရက်နေ့တွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းပြီး ၃-၇-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်မပြုဘဲ အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြု ပေးပို့ထားသော မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်းပြန်ကြားလာပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်က အတည်ပြု ပေးပို့ထားသော မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရေကြောင်းအတားအဆီးများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲသဘောတူကြောင်းဆုံးဖြတ်ချက်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၄း၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၅-၆-၂၀၁၃ ရက်နေ့တွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းပြီး ၃-၇-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်မပြုဘဲ အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်း ပြန်ကြားလာပါတယ်။

သို့ဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ဆက်သွယ်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၄း၀၂။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင် ဆွေးနွေးနိုင်ရန် ပေးပို့လာသော ဆက်သွယ်ရေး ဥပဒေကြမ်းကို ၇-၂-၂၀၁၃ ရက်နေ့တွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၂-၇-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ဆက်သွယ်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ဆက်သွယ်ရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၄း၀၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၆-၈-၂၀၁၃ ရက် (သောကြာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၁)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၂၁) ရက် မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၂၂) ရက်မြောက်နေ့ ကျင်းပမယ့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ⊞တမအကြိမ်ပုံမှန် အစည်းအဝေး (၂၁)ရက်မြောက်နေ့ အစည်းအဝေးကို (၁၄း၀၅) နာရီအချိန်တွင် ရပ်နားပါသည်။]